အစီရင်ခံစာ အနှစ်ချုပ်

# အပစ်အခတ်ရပ်စဲရေးနှင့် ဖယ်ဒရယ်စနစ်အကြား - မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်းရှိ ကြားကာလတွင် ဆောင်ရွက်မည့် အစီအစဉ်များကို စူးစမ်းလေ့လာခြင်း

မြန်မာနိုင်ငံ၏ ကြားကာလ အစီအစဉ်များဆိုင်ရာ သုတေသနစီမံကိန်း

Ashley South, Tim Schroeder, Kim Jolliffe, Mi Kun Chan Non, Sa Shine,
Susanne Kempel, Axel Schroeder နှင့် Naw Wah Shee Mu

အောက်တိုဘာ ၂၀၁၈



JOINT PEACE FUND

covenant consult



မြန်မာနိုင်ငံ၏ ကြားကာလအစီအစဉ်များဆိုင်ရာ သုတေသနစီမံကိန်း (MIARP) ကို ငြိမ်းချမ်းရေး ပူးပေါင်းရန်ပုံငွေ (JPF) မှ ငွေကြေးထောက်ပံ့ပြီး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအထိ အကောင်ထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ သုတေသီများသည် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ နေပြည်တော်၊ ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံ အတွင်းရှိ ပဋိပက္ခသက်ရောက်မှုရှိသည့် လူမှုအသိုင်းအဝိုင်းများ၊ မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကို င်အဖွဲ့အစည်းများ(EAOs)ခေါင်းဆောင်များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ (CSOs)၊ နိုင်ငံရေးပါတီများ၊ သံတမန်များ၊ အလှူရှင်အဖွဲ့များ၊ နိုင်ငံတကာ ကူညီပံ့ပိုးရေးအဖွဲ့ဝန်ထမ်းများနှင့် လေ့လာသုံးသပ်သူများအပါအဝင် လူပုဂ္ဂိုလ်ပေါင်း ၄၅၀ ကျော်ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ (The Interim Arrangements-IA)" စကားရပ်သည် အငြင်းပွားဖွယ်ဖြစ်သော သဘောတရား တစ်ခု ဖြစ်ပြီး ပါဝင်ပတ်သက်သူများက အဓိပ္ပါယ်အမျိုးမျိုးဖြင့် နားလည်းထား ကြသည်။ MIARP သည် IA နှင့် ပတ်သက်၍ အောက်ပါ ယာယီအဓိပ္ပါယ် ဖွင့်ဆိုချက်ကို အသုံးပြုထားသည်။

*"အပစ်အခတ်ရပ်စဲရေးစတင်ချိန်မှစ၍ အလုံးစုံလွှမ်းခြုံသည့် နိုင်ငံရေးဖြေရှင်းချက်တစ်ရပ် ပေါ်ပေါက်လာသည့် အချိန်အထိ ကာလအပိုင်းအခြားတစ်ခုအတွင်း ပဋိပက္ခသက်ရောက်မှုရှိသော ဒေသများတွင် ဆောင်ရွက်သော ဝန်ဆောင်မှုနှင့် စီမံအုပ်ချုပ်မှုများ ဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့၏ စီမံအုပ်ချုပ်မှုစနစ် နှင့် အစိုးရ၏ စနစ်တို့ကို ချိတ်ဆက်ဆောင်ရွက်သည့် အစီအစဉ်များ"*

IA သည် EAOs ၏ အုပ်ချုပ်ရေးလုပ်ငန်းများ၊ စီမံအုပ်ချုပ်ရေးအာဏာနှင့် ဝန်ဆောင်မှုပေးသည့်စနစ် တို့ကို ရည်ညွှန်းသည်။ IA တွင် မည်သည့် ပထဝီနယ်မြေများပါဝင်သည် ဆိုသည့်အချက်ကို သတ်မှတ်ရန် ခက်ခဲပါသည်။ မြန်မာ့တပ်မတော်အနေဖြင့် EAOs ၏ ဝန်ဆောင်မှုပေးသည့် စနစ်နှင့် လက်နက်ကိုင်အဖွဲ့များ၏ လုံးဝထိန်းချုပ်မှုအောက်တွင် ပါဝင်သော ဒေသများ အတွင်းရှိ (အများစုမှာ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားခြင်း မရှိသေးပါ။) အုပ်ချုပ်ရေးလုပ်ငန်းများအား ကန့်သတ်ရန် ဖိအားပေးမှုများ ရှိခဲ့သည်။ သို့ရာတွင် လက်ရှိအနေအထားအရ EAOs၏ ဩဇာညောင်းမှု၊ ဝန်ဆောင်မှု နှင့် အုပ်ချုပ်ရေး လုပ်ငန်းများသည် နိုင်ငံရေးအာဏာရောထွေးနေသည့်ဒေသများထိတိုင် ရောက်ရှိပြီး အစိုးရနှင့် တပ်မတော်တို့နှင့်အပြိုင် ဖြစ်နေသည်ကို တွေ့ရှိရသည်။

မူအားဖြင့် "ကြား"ကာလသည် အလုံးစုံလွှမ်းခြုံသည့် နိုင်ငံရေးဖြေရှင်းချက်တစ်ခု (a political settlement) ကို အကောင်ထည်ဖော်ဆောင်ပြီးသည့်အချိန်အထိ အကျုံးဝင်သည်။ ထိုသို့ဆိုလျှင် မကြာသေးမီက ငြိမ်းချမ်းရေးဖြစ်စဉ်နှောင့်နှေးမှု ရှိနေခြင်းသည် နိုင်ငံရေးဖြေရှင်းချက်ရရှိရန် နှစ်ပေါင်း များစွာ ကြာသွားနိုင်သည့် သဘောရှိသည်။ လက်ရှိအချိန်တွင် IA ကို အသိအမှတ်ပြုခြင်းသည် အဓိက ကျသော EAOs (အထူးသဖြင့် NCA ထိုးထားသော EAOs) ၏ နိုင်ငံရေးအရ တရားဝင်မှု (political legitimacy) နှင့် စီမံအုပ်ချုပ်ရေးတာဝန် (administrative responsibilities) တို့ကို အစိုးရက အသိအမှတ်ပြုကြောင်း ဖော်ပြနေပါသည်။ ဤအစီရင်ခံစာ၏ အရေးကြီးသော အကြံပြုချက် တစ်ခုမှာ EAOs က ၎င်းတို့၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိစွာ ကျင့်သုံးသွားရန်အတွက် ကူညီပံ့ပိုးပေးသွားရန် ဖြစ်သည်။

IA နှင့် ပတ်သက်၍ တစ်ခုတည်းသော တရားဝင်ရည်ညွှန်းဖော်ပြမှုကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သော NCA စာချုပ်တွင် တွေ့ရသည်။ သို့သော် IA သည် EAOs က NCA မထိုးရသေးသည့် ဒေသများ နှင့်လည်း သက်ဆိုင်သည်။ ထို့ပြင် NCA စာချုပ်တွင် "ကြားကာလအတွင်း ဆောင်ရွက်မည့် အစီအစဉ်များ (IA)"စကားရပ်အတွက် အပြည့်အဝလွှမ်းခြုံမှု ရှိသော အဓိပ္ပါယ်ဖွင့်ဆိုမှု မရှိပါ။

IA သည် NCA ထက် ပိုမိုများပြားသော်လည်း NCA ပါ အခန်း (၆) ၊ အပိုဒ် (၂၅) အရ အဆိုပါ IA သဘောတူညီချက်သည် ပါဝင်လက်မှတ်ရေးထိုးထားသော EAOs ၏ ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေး၊ တိုင်းရင်းသား ယဉ်ကျေးမှု နှင့် ဘာသာစကားဓထိန်းသိမ်းမြှင့်တင်ရေး၊ တိုးမြှင့်ခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးတို့အတွက် NCA ထိုးထားသော EAOs တို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြုထားသည်။ EAOs က အစိုးရနှင့် ချိတ်ဆက် ဆောင်ရွက်ပြီး နိုင်ငံတကာအထောက်အပံ့ များရယူရန် NCA က ခွင့်ပြုထားသည်။

၁ JPF သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထောက်ပံ့ရန် နိုင်ငံ (၁၁) နိုင်ငံ (ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဥရောပယူနီယံ၊ ဖင်လန်၊ အီတလီ၊ ဂျပန်၊ နော်ဝေး၊ ဆွစ်ဇာလန်၊ ယူကေ၊ ယူအက်စ်အေ) မှ၂၀၁၆ တွင်စတင်ခဲ့ပြီး အလှူရှင်အများစုပေါင်းရံပုံငွေဖြစ်သည်။ (https://www.jointpeacefund.org/).

သို့ရာတွင် ငြိမ်းချမ်းရေးဖြစ်စဉ်ဗိသုကာမှတစ်ဆင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်များသို့ အောင်မြင်ရေးအတွက် သဘောတူညီထားသော ယန္တရားတစ်ရပ် မရှိသေးသည့်အတွက် NCA တွင် ပဋိပက္ခသက်ရောကမှုရှိသော လူမှုအသိုင်းအဝိုင်းအတွက် မျှတပြီး ထိရောက်မှုရှိသော အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးသည့်စနစ်တို့ကို ပိုမိုလက်လှမ်းမီနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အကန့်အသတ်များရှိနေသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်း၌ လက်ရှိအနေအထားအရ အစိုးရအရာရှိများသည် EAOs ကို တရားဝင်အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးအာဏာပိုင်များအဖွဲ့များအဖြစ်ထက် ဝန်ဆောင်မှုပေးသူများ နှင့်/သို့မဟုတ် ပုဂ္ဂလိက ကုမ္ပဏီများအဖြစ်သာ သဘောထားပုံရသည်ကို တွေ့ရှိရပါသည်။

နှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံ၏ အရွယ်အစားပိုကြီးမားသော EAOs များသည် ၎င်းတို့၏ ထိန်းချုပ်နယ်မြေများတွင် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတာဝန်တို့ကို နှစ်ပေါင်းများစွာ ယူလာခဲ့ကြပြီး CSOs နှင့် လက်တွဲကာ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်လျက် ရှိသည်။ မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းတွင် RCSS, KNU နှင့် NMSP စသည့် အဖွဲ့အစည်းများသည် သေးငယ်သော နယ်မြေများတွင် တရားဝင်အုပ်ချုပ်ရေးအာဏာပိုင်များအဖြစ် အုပ်ချုပ်လာခဲ့ကြသည်။ အဆိုပါ အဖွဲ့များသည် EAOs ၏ လုပ်ပိုင်ခွင့်အာဏာနှင့် အစိုးရနှင့် တပ်မတော်တို့၏ လုပ်ပိုင်ခွင့်အာဏာတို့ ရောထွေးမှုရှိသည့်ဒေသများတွင်ပါ ဩဇာညောင်းပြီး ဝန်ဆောင်မှုအချို့ ဆောင်ရွက်ပေးသည်ကိုလည်း တွေ့ရှိရသည်။ ဥပမာ -အဆိုပါလက်နက်ကိုင်အဖွဲ့အစည်း (၃) ဖွဲ့သည် စာသင်ကျောင်း (၂၀၀၀) ကျော်ကို စီမံခန့်ခွဲကာ ကူညီပံ့ပိုးပေးလျက်ရှိပြီး ထိလွယ်ရှလွယ်သော ကလေးသူငယ်များအား တိုင်းရင်းသားဘာသာစကား သင်ကြားပေးလျက် ရှိသည်။ ထိုကလေးသူငယ်များသည် ၎င်းပညာရေး ဝန်ဆောင်မှုမျိုး မရရှိလျှင် ပညာရေးတစ်ခုခု ရရှိနိုင်မည့် အနေအထား မရှိသည့် ကလေးများ ဖြစ်နိုင်သည်။ အဆိုပါ EAOs တို့သည် ကျန်းမာရေးဝန်ဆောင်မှုများ၊ တရားစီရင်ရေးနှင့် အများပြည်သူဆိုင်ရာ လုပ်ငန်းများကို ဒေသတွင်း အဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်လျက် ရှိသည်။[2]

အလားတူဆောင်ရွက်သည့် အစီအစဉ်များကို မြန်မာနိုင်ငံ၏ အခြားသော ဒေသများ (EAOs က NCA မထိုးရသေးသည့် အပစ်ခတ်ရပ်စဲရေးဒေသများနှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေဆဲဒေသနှစ်ခုလုံး) တွင်လည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဥပမာ - ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရာအနှံ့အပြားတွင် KIO နှင့် အခြား EAOs တို့သည် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ(IDPs)နှင့် အလွန်ထိရှလွယ်သော အခြားလူမှုအဖွဲ့အစည်းများအတွက် အုပ်ချုပ်ရေး နှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက် ရှိသည်။

## IA ကို ကူညီထောက်ပံ့ရန်လိုအပ်သည့် အဓိကအအကြောင်းတရား (၃) ခု ရှိသည်။


(၁) ထိရောက်သည့် IA သည် ပဋိပက္ခသက်ရောက်မှုရှိသော ဒေသအတွင်းရှိ ထိလွယ်ရှလွယ်ပြီး ဖယ်ကျဉ်ခြင်းခံရသော လူမှုအသိုင်းအဝိုင်းအတွက် အကောင်းဆုံးရလဒ်များ ပေးစွမ်းနိုင်မည်ဖြစ်သည်။ အသစ်တစ်ဖန်ဆောင်ရွက်ခြင်းထက် လက်ရှိတည်ရှိနေသော EAO နှင့် CSO တို့၏ ဝန်ဆောင်မှုပေးသည့်စနစ်တို့ကို ကိစ္စတစ်ခုချင်းစီအလိုက် ကူညီပံ့ပိုးပေးသင့်ပြီး ("အသိမှတ်ပြုစူးစမ်းလေ့လာမှု (appreciative inquiry)"နည်းလမ်းမှတစ်ဆင့်) အကောင်းဆုံးအလေ့အထများကိုလည်း အသိမှတ်ပြု သင့်ပါသည်။ ဥပမာ - အစိုးရ၏ ကျောင်းဝင်ခွင့်နှင့် အလုံးစုံကျန်းမာရေးစောင့်ရှောက်မှုစနစ်ဆိုင်ရာ ဦးတည်ချက်များသည် EAOsနှင့် သက်ဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်အပေါ် မူတည်သည်။ အရေးကြီးသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဖွံ့ဖြိုးရေးပန်းတိုင်များ ရောက်ရှိရန်အတွက် အဆိုပါ အဖွဲ့အစည်းများကို မိတ်ဖက်အဖွဲ့အစည်းများအဖြစ် သဘောထားသင့်ပါသည်။ အခန်း (၃) တွင် အဆိုပါကိစ္စရပ်များသည် သက်ဆိုင်ရာကဏ္ဍနှင့် အကြောင်းအရာများနှင့် ပတ်သက်၍ မည်သို့ ဆောင်ရွက်နေကြသည်ကို ဖော်ပြထားပါသည်။

(၂) မြန်မာနိုင်ငံ၏ EAOs အချို့သည် (NCA ထိုးထားသည့် အဖွဲ့နှင့် မထိုးရသေးသည့် အဖွဲ့) ၎င်းတို့ကိုယ်စားပြုလိုသည့် လူမှုအသိုင်းအဝိုင်းများအကြားတွင် နိုင်ငံရေးအရတရားဝင်မှုဖြစ်ခြင်းကို အချိန်ကာလကြာမြင့်စွာ ရရှိထားကြသည်။ EAOs ၏ အုပ်ချုပ်ရေးစနစ်ကို ထောက်ခံခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ယခင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများထဲသို့ နိုင်ငံတော်အစိုးရက ဒေသခံ အစုအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးမှုမပြုဘဲ ထိုးဖောက်ဝင်ရောက်ပြီး EAO လုပ်ပိုင်ခွင့်အာဏာနှင့် ဝန်ဆောင်မှုများကို အစားထိုးဆောင်ရွက်သည့် လမ်းကြောင်းတစ်ခုအဖြစ် ရှုမြင်မှုများအား တန်ပြန် တုံ့ပြန်ရာလည်း ရောက်မည်ဖြစ်သည်။ ပဋိပက္ခဖြစ်နိုင်ခြေကိုထည့်သွင်းစဉ်းစားမှု (conflict sensitive) ရှိနိုင်ရန် ကူညီပံ့ပိုးရာတွင် EAOs ၏ သက်ဆိုင်ရာ စနစ်များကို ထိခိုက်နိုင်မှု မရှိသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ (ပဋိပက္ခတွင် ပါဝင်သည့်အစုအဖွဲ့တစ်ခုဖြစ်သည့်) အစိုးရအတွက် အကျိုးကျေးဇူးဖြစ်ထွန်းရန်အတွက် ဖြစ်သည်။ ရှိထားပြီးသား ယုံကြည်စိတ်ချရသည့် ဒေသတွင်း ဝန်ဆောင်မှုစနစ်များနှင့်အတူ လက်တွဲဆောင်ရွက်ခြင်းဖြင့် ထိလွယ်ရှလွယ်ပြီး ဖယ်ကျဉ်ခြင်းခံရသည့် လူမှုအသိုင်းအဝိုင်းများအတွက် ငြိမ်းချမ်းရေးအသီးအပွင့်/အမြတ်ဝေစု (Peace dividends) ကို အချိန်မီနှင့် အကောင်းဆုံး ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

(၃) IA သည် မြန်မာနိုင်ငံအတွင်း "အောက်ခြေမှ စတင်သည့် ဖယ်ဒရယ်စနစ်" တည်ဆောက်ရာတွင် အခြေခံကျသည့် အကြောင်းရာတစ်ခု ဖြစ်သည်။ ၎င်းသည် သာတူညီမျှမှုရှိသော ကိုယ်ပိုင်ပြဌာန်းခွင့် အလေ့အထများမှတစ်ဆင့် ထိရောက်သော ဒေသန္တရအုပ်ချုပ်ရေးကို ကူညီပံ့ပိုးပေးသည်။ အဓိက ကျသော EAO များက ဆောင်ရွက်ပေးသည့် စီမံအုပ်ချုပ်မှုရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုများ (နှင့် ၎င်းတို့၏အရပ်ဖက်မိတ်ဖက်အဖွဲ့များ)ကို မြန်မာနိုင်ငံဖယ်ဒရယ်စနစ် တည်ဆောက်ရာ၌ အခြေခံ အုတ်မြစ်များအဖြစ် အသိအမှတ်ပြုသင့်သည်။ အဓိကကျသည့် ပါဝင်ဆောင်ရွက်သူများ (key

---

၂ သို့သော်ငြားလည်း နိုင်ငံတွင်းရှိ သေးငယ်သော EAO များသည် နယ်မြေအနည်းငယ်ကို ထိန်းချုပ်ပြီး ဂန်ဆောင်မှုအချို့တို့ကို ဖြန့်ဝေသည် (သို့) အုပ်ချုပ်ဆောင်ရွက်သည်။







stakeholders) အကြား ထောက်ခံထားသည့် ဆယ်စုနှစ်များစွာ ရှည်ကြာလျက်ရှိသော လက်နက်ကိုင် ပဋိပက္ခများအတွက် နိုင်ငံရေးအဖြေတစ်ရပ်လည်း ဖြစ်သည်။

ပိုမိုကောင်းမွန်သည့် ချိန်ဆက်ဆောင်ရွက်မှုနှင့် အနှစ်သာရရှိသော နိုင်ငံရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ မပါဝင်ဘဲ မြန်မာနိုင်ငံ၏ ပဋိပက္ခသက်ရောက်မှုရှိသော ဒေသများအတွက် လက်ရှိကျင့်သုံးနေသော ရောထွေးနေသည့် ဝန်ဆောင်မှုနှင့် အုပ်ချုပ်မှုစနစ်များမှသည် စနစ်တကျ တည်ဆောက်ထားသည့် (ဖယ်ဒရယ်) စနစ်ဆီသို့ ကူးပြောင်းရာလျှင် အလွန်ခက်ခဲမည် ဖြစ်သည်။ သို့သော် ၂၀၁၆ ခုနှစ်တွင် စတင်နှေးကွေးလာသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကြောင့် IA အပေါ် စိတ်ဝင်စားမှု အလွန်နည်းနေသည်ကို တွေ့ရှိရသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်၏ နိုင်ငံရေးဆွေးနွေးပွဲအပိုင်းရပ်ဆိုင်းနေပုံပေါက်နေသဖြင့် တိုင်းရင်းသား အစုအဖွဲ့ များ၏ အဓိကရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံရေး ဆိုင်ရာဦးစားပေးဆောင်ရွက်နိုင်သည့် အကြောင်းအရာအချို့ကို ဖော်ထုတ်ကြည့်လျှင် အသုံးဝင် နိုင်မည် ဖြစ်သည်။ ၎င်းရည်ရွယ်ချက်များကို EAOs (နှင့် နိုင်ငံရေးပါတီများ) က လျင်မြန်စွာ ဆွေးနွေး ညှိနှိုင်းနိုင်မှု ပြုလုပ်သွားနိုင်ပြီး အစိုးရနှင့် တိုင်းရင်းသားအစုအဖွဲ့များနှစ်ဘက်လုံး အတွက် အကျိုးကျေးဇူးရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ခု ထွက်ပေါ်လာနိုင်မည် ဖြစ်သည်။ ဖြစ်နိုင်ခြေရှိသော တိုးတက်မှုများ ဖော်ဆောင်နိုင်သည့် နယ်ပယ်များမှာ ပညာရေးနှင့် ဘာသာစကားဆိုင်ရာ မူဝါဒ (EAO များ၏ ကျယ်ပြန့်သော ပညာရေးစနစ်တို့ကို အသိအမှတ် ပြုခြင်းနှင့် ဘဏ္ဍာငွေပံ့ပိုးပေးခြင်း၊ အစိုးရကျောင်းများတွင် "မိခင်ဘာသာစကား" သင်ကြားခြင်း)၊ မြေယာကိစ္စများ (EAOs က ထုတ်ပေးသည့် မြေယာဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို အသိအမှတ်ပြုခြင်း၊ တရားမျှတမှု မရှိသော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ၎င်းတို့မြေယာများကို မတရားသိမ်းဆည်းခြင်းခံရသော ပြည်သူများအတွက် လျော်ကြေးငွေပေးခြင်းနှင့် မြေယာအစားထိုး ပြန်ပေးခြင်း)၊ သဘာတူညီမှုမရှိသော သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် မတရားသဖြင့် ဖယ်ရှားခံရသည့် ကိစ္စရပ်များ (ဆိုလိုသည်မှာ IA) ပါဝင်သည်။ ထိုသို့ဆောင်ရွက်မှုသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲမှုများအပါအဝင် တိုင်းရင်းသားအဖွဲ့တို့၏ ဖယ်ဒရယ်စနစ်တောင်းဆိုမှုကို ဟန့်တားနိုင်မည် မဟုတ်ပါ။

တခါတရံ အပြုသဘော ရည်ညွှန်းပြောဆိုမှုများ ရှိသော်လည်း IA နှင့် ပတ်သက်သည့် တိုးတက်မှုအပေါ် အဟန့်အတားဖြစ်သည့် အဓိကအကြောင်းရင်းတစ်ခုမှာ မြန်မာအစိုးရနှင့် တပ်မတော်ပိုင်း၌ နိုင်ငံရေးဆန္ဒကင်းမဲ့ခြင်း ဖြစ်သည်။ ဤအစီအရင်ခံစာကို (၂၀၁၈ ခုနှစ် စက်တင်ဘာလ၌)အပြီး သတ်ရေးသားခဲ့ချိန်တွင် အစိုးရအနေဖြင့် EAOs နှင့် အထောက်အပံ့ပေးသည့် အေဂျင်စီများအကြား ချိတ်ဆက်ဆောင်ရွက်မှုအပေါ် တားမြစ်ချက်အသစ်များ ထုတ်ပြန်လိုပုံရသည်။ ထို့အပြင် အပစ်အခတ် ရပ်စဲထားသော ဒေသများတွင် အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် ငြင်းခုံဆွေးနွေးပွဲများ၊ နိုင်ငံရေးဖြစ်စဉ် ပင်မရေစီးကြောင်းအတွင်းရှိ ဆောင်ရွက်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ၊ တရားရေးဆိုင်ရာနှင့် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအကြား ချိတ်ဆက်မှု ပျောက်ဆုံးနေသည်ကို တွေ့ရသည်။ အခန်း (၃) တွင် ဆွေးနွေးထားသည့်အတိုင်း ငြိမ်းချမ်းဖြစ်စဉ်တွင် ပါဝင်သူများသည် ပြည်ထောင်စု အဆင့် လွှတ်တော်နှင့် အခြားနေရာများတွင်

ဆောင်ရွက်သည့် ဥပဒေပြုရေးနှင့် မူဝါဒပြောင်းလဲမှုများ ဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်လေ့ မရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းတစ်ခုမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံအောက်တွင်ရှိသော လွှတ်တော်နှင့် အုပ်ချုပ်ရေးစနစ်များ၏ နိုင်ငံရေးအရ တရားဝင်မှုကို အသိအမှတ်ပြုရန် တွန့်ဆုတ်နေသောကြောင့် ဖြစ်သည်။ အကယ်၍ IA သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရလဒ်များအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှု များရှိလိုပါက ပဋိပက္ခသက်ရောက်မှုရှိသောဒေသများ (အထူးသဖြင့် အပစ်အခတ်ရပ်စဲထားသည့် ဒေသများ) ၏ အခြေအနေနှင့် နိုင်ငံ၏ အခြားသော ဒေသများအကြားချိတ်ဆက်မှုတည်ဆောက်ရန် အရေးကြီးပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အစဉ်တစိုက် ထောက်ပံ့ပေးနိုင်ရန်အတွက် အဓိက ပါဝင် ဆောင်ရွက်နေသည့်အစုအဖွဲ့များ (key stakeholders) အနေဖြင့် NCA အပေါ် ထိခိုက်စေနိုင်သည့်အပြုအမူများ မပြုမိရန်နှင့် IA ဆိုင်ရာ ပြဌာန်းချက်များကို ချိုးဖောက်မှုများ မပြုမိရန် လိုပါသည်။

နိုင်ငံတကာအေဂျင်စီများ အထူးသဖြင့် အဓိက အလှူရှင်အဖွဲ့များသည် EAOs နှင့် CSOs တို့၏ ဝန်ဆောင်မှုပေးသည့်စနစ်များကို နိုင်ငံတော်အစိုးရ၏ စနစ်နှင့်ပေါင်းစည်းသွားရန် ရည်ရွယ်သည့် "ပေါင်းစည်းရေးအစီအစဉ် (convergence agenda)"တစ်ခုကို တွန်းပို့နေသည်ဟု တိုင်းရင်းသား အစုအဖွဲ့များအကြားတွင် စိုးရိမ်ပူပန်မှုများ ရှိနေသည်။ အချို့သော အခြေအနေနှင့် ကဏ္ဍများတွင် EAO စနစ်နှင့် အစိုးရစနစ်တို့ကို ပေါင်းစည်းရန် သင့်တော်နိုင်သော်လည်း EAOနှင့် CSO အများစု အတွက် IA သည် ၎င်းတို့၏ သီးခြားလွတ်လပ်သော စနစ်များကို ထိန်းသိမ်းရန်နှင့် ကူညီပံ့ပိုး ပေးသွားရန် အဓိကကျသည်။ အလှူရှင်အဖွဲ့များအနေဖြင့် အစိုးရ၏စွမ်းဆောင်ရည် မြင့်မားရေးနှင့် အစိုးရစနစ်များ ခိုင်မာအားကောင်းလာရေးနှင့် အဆိုပါဆောင်ရွက်ချက်ကို ပဋိပက္ခသက်ရောက်မှုရှိသော အငြင်းပွားဖွယ် ဒေသများ၊ ယခင်အစိုးရလက်လှမ်းမမီသော ဒေသများအထိ တိုးချဲ့သွားရန် ရည်ရွယ်နေသည်ဟူသည့် အမြင်များကို နေရာအနှံ့အပြားတွင် တွေ့ရသဖြင့် ဤအကြောင်းအရာသည် ထိလွယ်ရှလွယ်သည်။ တိုင်းရင်းသားအစုအဖွဲ့များ၏ ဖက်ဒရယ်စနစ်ဆိုင်ရာ တောင်းဆိုမှုများကို ဖြည့်ဆည်းပေးမည့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း ယခုတိုင် အောင်မြင်မှု မရှိသေးသည့် အခြေအနေမျိုးတွင် အဆိုပါ စိုးရိမ်မှုများသည် အထူးပင် အရေးတကြီးရှိနေပါသည်။

ငြိမ်းချမ်းရေးအထောက်အပံ့ဆိုင်ရာ ကြိုးပမ်းမှုများသည် ပြည်ထောင်စုဗဟိုပြုအထောက်အပံ့နှင့် ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် အခြားတစ်ဘက်တွင် အားလုံးပါဝင်ပြီး နိုင်ငံရေးအရ ထိလွယ်ရှလွယ်မှုကို ထည့်သွင်းစဉ်းစားသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများအကြားတွင် တင်းမာမှုများနှင့် လွန်ဆွဲနေလေ့ ရှိသည်။ အားပျော့သော အင်စတီကျူးရှင်း၏ စွမ်းဆောင်ရည်သည် ပဋိပက္ခ၏ ပင်မအကြောင်းရင်း ဖြစ်သည် (ထို့ကြောင့် နိုင်ငံတော်အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရမည်) ဟူသည့် ယူဆချက်သည် EAOs ကဲ့သို့သော အခြားလုပ်ပိုင်ခွင့် အာဏာ အရင်းအမြစ်တို့ကို ဖယ်ကျဉ်ထားသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းများ ဖြစ်သွားနိုင်သည်။

အထူးသဖြင့် အဆိုပါအခြေအနေတွင် နိုင်ငံတော်သည် ပဋိပက္ခတွင် ပါဝင်သည့်အစုအဖွဲ့တစ်ခု ဖြစ်ပြီး EAOs တွင် (တခါတရံ အငြင်းပွားစရာဖြစ်သည့်) နိုင်ငံရေးအရ တရားဝင်မှု ကျယ်ကျယ်ပြန့်ပြန့် ရှိသည့် မြန်မာနိုင်ငံတွင်ပြဿနာရှိသည်။ နည်းပညာအခြေပြု ချဉ်းကပ်မှုကို အလွန်အကျွံပြုခြင်းထက် လူမှုရေးနှင့် နိုင်ငံရေးရှုန်းကန်လှုပ်ရှားမှုများ ရှိသည့် နေရာဒေသများအဖြစ်ထက် ဖွံ့ဖြိုးရေးလိုအပ်ချက် အနေဖြင့် အရေးကြီးသောပြဿနာများကို ဘောင်ခတ်သတ်မှတ်ခြင်းကြောင့် ဆယ်စုနှစ်ချီကြာသော လက်နက်ကိုင်ပဋိပက္ခကိုဖြစ်ပေါ်စေသည့် ပြဿနာများစွာတို့သည် နိုင်ငံရေးဖြစ်သည် ဆိုသည့် အချက်ကို အလှူရှင်အဖွဲ့အစည်းများနှင့် သံတမန်များက အသိအမှတ်ပြုသင့်ပါသည်။ အဘယ်ကြောင့် ဆိုသော် အစိုးရသည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် "စီးပွားရေးဖွံ့ဖြိုးရေးသည် ပထမ" အစီအစဉ်ကို ထားရှိပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် တောင်းဆိုမှုများကို အာရုံလွှဲပြောင်းမှုတစ်ခု အနေဖြင့် အထောက်အပံ့များကို အသုံးပြုနေသည်ဟူသည့် တိုင်းရင်းသားအစုအဖွဲ့များ၏ စိုးရိမ်ပူပန်မှုတို့ကို ကူညီဖြေလျှော့ပေးနိုင်မည် ဖြစ်သည်။

အခန်း (၄) တွင် (ပုဂ္ဂလိကကနှင့်လည်း သက်ဆိုင်မှုရှိသည့်) အလှူရှင်အဖွဲ့အစည်းများနှင့် ကူညီထောက်ပံ့ရေးအဖွဲ့အစည်းများ၊ အစိုးရနှင့် တပ်မတော်၊ EAOs များအတွက် အကြံပြုချက်များ ပေးထားပါသည်။

## အလှူရှင်အဖွဲ့များအတွက် အကြံပြုနိုးဆော်ချက်များ

- သက်ဆိုင်ရာ EAO များ၏ အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲမှုရေး လုပ်ငန်းများအား ကူညီပံ့ပိုးမှု အပါအဝင် အောင်မြင်သည့် IA သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဦးတည်ချက်များ အောင်မြင်ရေး၊ ထိရှလွယ်မှုအများဆုံးဖြစ်နိုင်သော လူမှုအသိုင်းအဝိုင်းများအား လက်ကမ်း ကူညီနိုင်ရေးနှင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအတွင်း တရားဝင်ပြီး သက်ဝင်လှုပ်ရှား သည့် အုပ်ချုပ်ရေးအင်စတီကျူးရှင်းများအတွက် အခြေခံ အုတ်မြစ်တည်ဆောက်ရေးတို့ အတွက် အလွန်အရေးပါမည် ဖြစ်သည်။

- အလှူရှင်အဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံသူများသည် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်များနှင့် NCA စာချုပ်တို့တစ်ဆင့် ချမှတ်ထားသော အခြေခံမှုများကို အသိအမှတ်ပြုထောက်ခံပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကြားဝင်ဆောင်ရွက်မှုတို့ကို လုပ်ဆောင် ရမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကူညီထောက်ပံ့မှုလုပ်ငန်းများ (ငြိမ်းချမ်းရေးသာ အဓိကထားသည့် အကူအညီမဟုတ်သည့် ဆောင်ရွက်ချက်များ) IA ကို မချိုးဖောက်သော နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်း သည် အပစ်အခတ်ရပ်စဲရေးဒေသများအတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် မူဘောင် တစ်ရပ်အနေဖြင့် သဘောထားရမည်ဖြစ်သည်။ အပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်များ မထိုးထားရသေးသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အလားတူထိရှလွယ်မှု များ ရှိနိုင်သည့် နေရာများတွင်လည်း ထိုအခြေခံမှုများကို လမ်းညွှန်မှုတစ်ခုအနေဖြင့် အသုံးပြုသွားနိုင်သည်။

- EAOs ၏ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှု ရှိသည့်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ထိုလုပ်ငန်းများကို အားဖြည့်တင်း ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းတို့တွင် ကူညီထောက်ပံ့ပေးရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အပစ်အခတ်ရပ်စဲထားသော ဒေသများရှိ အကောင်အထည်ဖော်ဆောင်နေသည့် ကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းများလည်း ပါဝင်ရန် လိုအပ်ပါသည်။

- များစွာသော ပါဝင်ပတ်သက်သူများသည် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် စိုးရိမ်



စိတ်ပူပန်လျှက် ရှိပြီး ၄င်းတို့အနေဖြင့် IAသည် ယခင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းသို့ ဗဟို အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာထိုးဖောက်ဝင်ရောက်ရန်အတွက် နှင့်/သို့မဟုတ် အစိုးရသည် ပဋိပက္ခသက်ရောက်မှုရှိသောဒေသများအတွက်ကူညီပံ့ပိုးသည့်ရန်ပုံငွေများကိုထိန်းချုပ်ရန် အတွက်လမ်းကြောင်းများဖြစ်နေမည်ကို စိုးရိမ်မှုအပေါ် အသိအမှတ်ပြုရမည် ဖြစ်သည်။

- အပစ်အခတ်ရပ်စဲထားသော ဒေသများသည် ယခုထက်တိုင် ပဋိပက္ခဖြစ်ပွားလျှက်ရှိသည့် ဒေသများဖြစ်သည် ဆိုသည့် အမှန်တရားကို သိရှိထားရမည်ဖြစ်ပြီး တင်းမာမှုဖြစ်စေသည့် အခြေအနေများကို ရှောင်ရှားသည့် သာမန်ကူညီထောက်ပံ့မှုအလေ့အထများအတိုင်း လိုက်လျောညီထွေစွာ ဆောင်ရွက်သွားရမည် ဖြစ်သည်။ အခြေခံအဆောက်အဦးနှင့် အခြားအကြီးစားစီမံကိန်းများကို ကြားကာလအတွင်း ခေတ္တရပ်နားထားရမည် ဖြစ်သည်။ သို့ရာတွင် ဒေသအကျိုးစီးပွားအတွက် အလွန်အရေးပါနေလျှင် အဆိုပါလုပ်ငန်းများကို သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းများ၊ CSOs နှင့် EAOs များ ပါဝင်သည့် အဓိကပါဝင် ပတ်သူများနှင့် စိတ်ချရသည့် တိုင်ပင်ဆွေးနွေးမှုများအပေါ် အခြေခံပြီး ဆောင်ရွက်သွား နိုင်သည်။ ပဋိပက္ခသက်ရောက်မှုရှိသော ဒေသများတွင် စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရာတွင် ကနဦးအဆင့်ကတည်းက ဒေသခံအစုအဖွဲ့များနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်သွားရမည် ဖြစ်သည်။

- EAO များနှင့်အခြားသော တိုင်းရင်းသားအစုအဖွဲ့များသည် တခါတရံတွင် အုပ်ချုပ်ရေး/ စီမံခန့်ခွဲရေးနှင့်ဝန်ဆောင်မှုလုပ်ငန်များကို စောင့်ကြည့်ရေး "ရေဒါအောက်"တွင် ဆောင်ရွက်နေရသည်ကို အသိအမှတ်ပြုရမည် ဖြစ်သည်။

- အဓိက EAO များ၏ နိုင်ငံရေးအရတရားဝင်မှုကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အစိုးရ၏ မိတ်ဖက်များအဖြစ် အသိအမှတ်ပြုရမည် ဖြစ်သည်။ EAO များကို တာဝန်ယူမှုရှိသော အဖွဲ့များနှင့် တာဝန်ခံမှုရှိသော duty bearers များဖြစ်ရေးအတွက် EAOs ၏ စွမ်းဆောင်ရည်များ ခိုင်မာအားကောင်းလာအောင် မည်သို့မည်ပုံ အကောင်းဆုံး ကူညီ ပေးနိုင်ရေး အတွက် ပဋိပက္ခထိရှလွယ်မှုဆန်းစစ်ချက်များကို ပြုလုပ်သွားရမည် ဖြစ်သည်။ EAOs များ၏ နိုင်ငံရေးအရ တရားဝင်မှုအပေါ် အသိအမှတ်ပြုခြင်းတွင် MOU နှင့် အခြားလက်တွဲဆောင်ရွက်မှုသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးမှုများ ပြုနိုင်သည်။ အဆိုပါရလဒ်များကို လက်ခံလာနိုင်ရေးအတွက် အစိုးရနှင့် အပြန်အလှန်ဆက်သွယ် ပြောဆိုမှုများ ပြုလုပ်သွားရမည် ဖြစ်သည်။

- သင့်လျော်သည့် အခြေနေတိုင်းတွင် အစိုးရနှင့် ဒေသတွင်း (EAOs နှင့် CSOs တို့၏) ဝန်ဆောင်မှုပေးသည့်စနစ်တို့အကြား ပိုမိုပူးတွဲဆောင်ရွက်မှု ရှိလာနိုင်ရေးအတွက် ကူညီပေးရမည် ဖြစ်သည်။ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ ချိတ်ဆက် ဆောင်ရွက်ပုံ နှင့် ပေါင်းစည်းရေးလုပ်ငန်းများကို လေ့လာသင်ယူရမည်ဖြစ်သည်။ တောင်းဆိုမှုများ ရှိလာပါက ပူးတွဲကြားကာလအစီအစဉ်ကော်မတီ (Joint Interim Arrangements Committee -JIAC) အတွက် လုပ်ငန်းလမ်းညွှန်ထွက်ပေါ်လာရေးနှင့် စွမ်းဆောင်ရည်များ အတွက် အစိုးရနှင့် EAO တို့ကို ကူညီထောက်ပံ့ပေးရမည် ဖြစ်သည်။

- ကြားကာလအတွင်းဆောင်ရွက်မည့် အစီအစဉ်များအတွက် အားလုံးကြေနပ်နိုင်သည့် နည်းလမ်း ("one size fits all" approach) မရှိသည်ကို အသိအမှတ်ပြုရမည် ဖြစ်သည်။ ဥပမာကို ဤအစီရင်ခံစာထဲတွင် ဖော်ပြထားသည့် ကောင်းမွန်သော အလေ့အထ ( Appreciative Inquiry Approach) ကို ဖော်ထုတ်ပြီး ကူညီသွားရမည် ဖြစ်သည်။

- ပူးတွဲ (အစိုးရနှင့် EAOs) ကြားကာလအစီအစဉ်ကော်မတီနှင့် ပြည်နယ်အဆင့်အဖွဲ့များကို အစည်းခေါ်ယူကျင်းပသည့်အခါ ကူညီထောက်ပံ့ပေးသွားရမည် ဖြစ်သည်။

- NCA နှင့် နောက်ဆက်တွဲ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများတွင် ပါရှိသော သဘောတူညီချက်များနှင့် အညီ ကြားကာလအတွင်း ဆောင်ရွက်မည့် အစီအစဉ်များတွင် အမျိုးသမီးပါဝင်မှုရှိရေးအတွက် စောင့်ကြည့်လေ့လာမှုနှင့် စည်းရုံးလှုံ့ဆော်မှုများ ပြုပ်လုပ် သွားရမည် ဖြစ်သည်။

## အစိုးရနှင့်တပ်မတော်အတွက် အကြံပြုချက်များ

- ကြားကာလအတွင်းဆောင်ရွက်မည့်အစီအစဉ်များသည် NCA ၏ အဓိကကျသော ကတိကဝတ်များအဖြစ် အသိအမှတ်ပြုရမည်။ IA ကို အကောင်အထည်ဖော်ခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ယုံကြည်မှုတည်ဆောက်ထိန်းသိမ်းရန်နှင့် အထူးသဖြင့် ဝေးလံခေါင်ပါးပြီး ပဋိပက္ခသက်ရောက်မှုရှိသော ဒေသများအတွက် နိုင်ငံ၏ဖွံ့ဖြိုးရေး ပန်းတိုင်များ အောင်မြင်ရေးအတွက် အလွန်အရေးကြီးပါသည်။

- အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် စွမ်းဆောင်ရည်များ မြှင့်တင်ပေးရမည် ဖြစ်သည်။ NRPC သည် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများနှင့် ဝန်ကြီးဌာနများအား NCA နှင့် ပတ်သက်၍ အသိပေး အကြောင်းကြားပြီး NCAထိုးထားသော EAOs ၊ CSO နှင့် ပဋိပက္ခသက်ရောက်မှု ရှိသော ဒေသများရှိ လူမှုအသိုင်းအဝိုင်းတို့နှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်သွားရန် ညွှန်ကြားထားရမည် ဖြစ်သည်။ တပ်မတော်သည်လည်း သက်ဆိုင်ရာ တပ်မမှူးများကို အလားတူညွှန်ကြားချက်များ ထုတ်ပြန်ထားရမည် ဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် သက်ဆိုင်ရာ အရာရှိဝန်ထမ်းများကို NCA နှင့် ကြားကာလအတွင်း ဆောင်ရွက်မည့် အစီအစဉ်များအတွက် NCA ၏ အကျိုးဆက်များကို နားလည် သဘောပေါက်အောင် အသိပေးထားရမည် ဖြစ်သည်။ အစိုးရဝန်ထမ်းများသည် NCA (နှင့် နစ်ဖက်သဘောတူအပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်များ) ၏ စားသားများ နှင့် အဓိပ္ပါယ်တို့ကိုလည်းကောင်း၊ IA ကို အကောင်အထည်ဖော်မှု ပြုခြင်းနှင့် မပြုခြင်း သည် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် သာတူညီမျှမှုရှိသော ဖွံ့ဖြိုးရေးရရှိရေး အလားအလာအပေါ် မည့်သို့အကျိုးသက်ရောက်နိုင်သည်တို့ကို အသိပေးညွှန်ကြားပြီး ပညာပေးရမည် ဖြစ်သည်။

- သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ (နှင့် ပြည်ထောင်စုအဆင့်) တို့တွင် အဓိကပါဝင်ပါသက်သည့် အစုအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုပြီးနောက် NCA ထိုးထားသော EAOs မှ ထုတ်ပေးထားသည့် မြေယာပိုင်ဆိုင်မှုနှင့် ဘုံပိုင်သစ်တောများ ဆိုင်ရာ စာရွက်စာတမ်းများကို အသိအမှတ်ပြုရန် ညွှန်ကြားလွှာများကို ထုတ်ပြန် ရမည် ဖြစ်သည်။ မြေယာ၊ သစ်တော၊ သဘာဝသယံဇာတ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ တရားစီရင်ရေး၊ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုစနစ် စသည်တို့ ပါဝင်သည့် EAOs ၏ တည်ထောင်ထားပြီးသား ရှာဖွေဖော်ထုတ်ပြီး အသိအမှတ်ပြုမှု အတွက် ဆွေးနွေးနိုင်းမှုများ ပြုလုပ်သွားရမည် ဖြစ်သည်။ အဆိုပါ စီမံအုပ်ချုပ်မှု စနစ်များကို အသိအမှတ်ပြုခြင်းသည် ယုံကြည်မှုတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ပြီး တပ်မတော်နှင့် အစိုးရတို့၏ နိုင်ငံရေးဆန္ဒကို ထင်ဟပ်ပြနိုင်မည် ဖြစ်သည်။

- ပြည်ထောင်စုအဆင့်တွင် အဆိုပြုသည့် ဥပဒေနှင့် မူဝါဒအသစ်များကို ငြိမ်းချမ်း ရေးဖြစ်စဉ်တွင် ပါဝင်သည့် သက်ဆိုင်ရာ EAOs နှင့် အခြားသော ပါဝင်ပတ်သက်သူ အစုအဖွဲ့များနှင့် ဆွေးနွေးပြောဆိုမှုများ ပြုလုပ်သွားရမည် ဖြစ်သည်။ ဥပဒေပြုရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် NCA (အထူးသဖြင့် IA) ကို ထည့်သွင်းစဉ်းစား ရမည်ဖြစ်ပြီး ကြားကာလအတွင်း အစိုးရနှင့် EAOများကြား ချိတ်ဆက် ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးရမည် ဖြစ်သည်။ အစိုးရနှင့် မြန်မာ့ တပ်မတော်တို့အနေဖြင့် အဆင့်မြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ ထွက်ပေါ် လာသော သဘောတူညီချက်များကို ဥပဒေပြုရေးဖြစ်စဉ် ပင်မလမ်းကြောင်း ထဲသို့ ကူးပြောင်းပေးသည့် နိုင်ငံရေးဦးဆောင်မှုကို ပြသသွားရမည် ဖြစ်သည်။

- ပူးတွဲကြားကာလအတွင်း ဆောင်ရွက်မည့် အစီအစဉ်ကော်မတီ (JIAC) မှတစ်ဆင့် အစိုးရနှင့် EAOs တို့ အကောင်ထည်ဖော်ဆောင်နိုင်သည် အစီအစဉ်တစ်ရပ် ချမှတ်ဖော်ဆောင်သွားရမည် ဖြစ်သည်။ ထိုအဖွဲ့သည် ပြည်နယ်တစ်ခုချင်းအလိုက်နှင့် အုပ်စုတစ်ခုချင်းအလိုက် ဆောင်ရွက်နိုင်သည့် အသေးစိတ်လုပ်ငန်းများနှင့်အတူ IA ဆိုင်ရာ အခြေခံမှုများအတွက် သဘောတူညီမှု ရယူနိုင်ပါသည်။ JIAC တစ်ခု ဖွဲ့စည်းတည်တောင်သည့် ဖြစ်စဉ်သည် IA ကို လက်တွေ့အကောင်ထည် ဖော်ဆောင်မှု နှောင့်နှေးကြန့်ကြာမှု မဖြစ်စေသင့်ပါ။

- (အစိုးရ၊ EAOs၊ CSOs၊ လူထုကိုယ်စားများနှ့် ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များပါဝင်သော) ကူညီပံ့ပိုးမှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုများနှင့်ဆိုင်သော ဆုံးဖြတ်ချက်များကို ပူးတွဲချမှတ်နိုင်ရန်အတွက် အစုအဖွဲ့ပေါင်းစုံပါဝင်သည့် ပြည်နယ် နှင့် တိုင်းဒေသကြီးအဆင့်ကော်မတီ များဖွဲ့စည်းရေးကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ပူးတွဲပြည်နယ်/ တိုင်းဒေသကြီးအဆင့်အဖွဲ့များသည် ကူညီပံ့ပိုးမှုများကို ချိတ်ဆက်ပေးခြင်းနှင့် လိုအပ်ချက်၊ ဦးစားပေးချက်များကို စိစစ်စစ်ဆေးပေးခြင်း တို့တွင်ကူညီပေး နိုင်သည်။ ပဋိပက္ခဒဏ်သက်ရောက်မှုရှိသော လူမှုအသိုင်းအဝိုင်းများ အတွက် အပေါ်လက္ခဏာဆောင်သော ရလဒ်များဖော်ဆောင်ပေးနေသော အောင်မြင် သောဒေသတွင်းအစီအစဉ်များ (ဥပမာ-ကျန်းမာရေးကဏ္ဍ) ကို အခြေခံပြီး ဆောင်ရွက် ရမည်ဖြစ်သည်။ သို့ရာတွင် အဆိုပါကော်မတီအဖွဲ့များ ကို ပွင့်လင်းမြင်သာမှုနှင့် တရားရေးပြုပြင်ပြောင်းလဲမှုများ ပိုရှိလာရေးအတွက် ရွေးချယ်စရာ အစီအစဉ်တစ်ခု အဖြစ် ရှုမြင်ရမည်ဖြစ်သည်။ ထိုကော်မတီအဖွဲ့ များကို အဆိုပြုထားသော JIAC အတွက် သင့်လျော်သောအဖွဲ့များဖြစ် သဘောထား နိုင်သည်။ ပူးတွဲ/ပြည်နယ်/ တိုင်းဒေသကြီးအဆင့် ကြားကာလ အစီအစဉ်အဖွဲ့များသည် အပစ်အခတ်ရပ်စဲရေး ဒေသများရှိ ကနဦးစီမံကိန်း များနှင့် အခြားသော ငြိမ်းချမ်းရေး တည်ဆောက်ရေး လုပ်ငန်းများအတွက် ပဲ့ကိုင်ကော်မတီများအဖြစ် ဆောင်ရွက်သွားနိုင်သည်။

- ကြားကာလအတွင်း ဆောင်ရွက်မည့် အစီအစဉ်များကို အကောင်အထည် ဖော်မှုသည် စစ်တပ်နယ်မြေပိုင်းခြားသတ်မှတ်မှုအပေါ် အခြေမတည်သင့်ပါ။ ထိုသို့ဆောင်ရွက် လျှင် အရပ်သားများအတွက် ဝန်ဆောင်မှုများပေးခြင်းကို ထိခိုက်နိုင်ပြီး ဖွံ့ဖြိုးရေး ပန်းတိုင်များ အောင်မြင်ရေးအတွက် အဟန့်အတား ဖြစ်သွားစေနိုင်သည်။

### တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ(EAOs)အတွက်အကြံပြုချက်များ

- အုပ်ချုပ်ရေးအာဏာပိုင်များအဖြစ် ယုံကြည်လက်ခံမှုနှင့် ပဋိပက္ခသက်ရောက်မှုရှိသော လူမှုအသိုင်းအဝိုင်းများ၏ ထောက်ခံမှုတို့ကို ထိန်းထားနိုင်ရန်အတွက် EAOs တို့သည် ၎င်းတို့၏ အုပ်ချုပ်ရေးနှင့် စီမံအုပ်ချုပ်ရေးစနစ်တို့ကို အားဖြည့်တင်းခြင်းနှင့် ပြုပြင် ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်သွားရန် အလွန်လိုအပ်နေသည် ဆိုသည့် အချက်ကို အသိအမှတ်ပြုရမည် ဖြစ်သည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ၊ အခွန်စနစ်နှင့် သဘာဝသံဇာတစီမံခန့်ခွဲမှုတို့ကို စည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်သည့် ကိစ္စရပ်များအတွက် အလွန်အရေး ပါသည်။

- လူမှုအသိုင်းအဝိုင်းအတွက် တာဝန်ထမ်းဆောင်သည့် အခြေခံတစ်ခုနှင့် "ဖက်ဒရယ် စနစ်ကို အောက်ခြေမှတည်ဆောက်ခြင်း" ပြုလုပ်သွားသည့် အနေဖြင့် EAO အုပ်ချုပ်ရေးအင်စတီကျူးရှင်းများ၏ လတ်တလောနှင့်ရေရှည် အနာဂတ်မျှော်မှန်းချက် များချမှတ်ပြီး ချပြသွားရမည် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲမှုသည် အဓိကျကသော ရည်ရွယ်ချက်တစ်ခုအဖြစ် ဆက်လက်ရှိနေသေးသော်လည်း ဖက်ဒရယ်စနစ်သို့ လှမ်းချီသည့် တိုးတက်မှု ကို IA မှ တစ်ဆင့် ပြုလုပ်သွားနိုင်မည် ဖြစ်သည်။

- JIAC ၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်အတွက် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲပြီး အဆိုပါ JIAC ကို အစည်အဝေးခေါ်ယူကျင်းပရန် အစိုးရအား တိုက်တွန်းသွားရမည် ဖြစ်သည်။ မည်သည့်အကြောင်းအရာနှင့်ကဏ္ဍများကို JIAC ၏ လုပ်ပိုင်ခွင့်အောက်၌ ထားရှိမည်နှင့် မည်သည့်အကြောင်းအရာများကို EAO အဖွဲ့အလိုက်နှင့် အစိုးရအကြား နှစ်ဖက်ဆွေးနွေးလျှင် အကောင်းဆုံး ဖြစ်နိုင်မည်တို့ကို ဆုံးဖြတ်ထားရမည် ဖြစ်သည်။ JIAC သည် အထွေထွေမှုများ သဘောတူညီမှုရရှိရေးကို အဓိကထားဆောင်ရွက်နိုင်ပြီး ဒေသအလိုက် အခြေအနေများအပေါ် မူတည်ပြီး အသေးစိတ်လုပ်ငန်းစဉ်များကို ချမှတ်သွား နိုင်သည်။

- JIAC သည် ကူညီထောက်ပံ့မှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု ကိစ္စတို့ကို အဆိုပြုထားသော ပြည်နယ်/တိုင်းဒေသကြီး အဆင့်ကော်မတီတို့နှင့် ဆွေးနွေးသွားရန် ချိတ်ဆက်အသိပေးသွားရမည် ဖြစ်သည်။

- EAOs ၏ မျှော်လင့်ချက်များနှင့် အလှူရှင်အဖွဲ့နှင့် အခြားကူညီပံ့ပိုးရေးအဖွဲ့

များနှင့် ထိတွေ့ဆက်ဆံမည့် အစီအစဉ်များကို ရှင်းရှင်းလင်းလင်းချမှတ်ပြီး အသိပေးရမည် ဖြစ်သည်။ မည်သည့်ကိစ္စများကို သက်ဆိုင်ရာ ဆက်ဆံရေးရုံးများ၊ EAOs အုပ်ချုပ်ရေးဌာနများ နှင့်/သို့မဟုတ် EAO ၏ ဌာနချုပ်သို့ လိပ်မူပြီး ဆက်သွယ် အသိပေးနိုင်သည်တို့ကို ရှင်းရှင်းလင်းလင်း ချမှတ်ထား ရမည် ဖြစ်သည်။

## ပုဂ္ဂလိက ကဏ္ဍအတွက် အကြံပြုချက်များ

- မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းရှိ အပစ်အခတ်ရပ်စဲထားသောဒေသများသည် ပဋိပက္ခလွန်ဒေသများ မဟုတ်ဆိုသည့်အချက်ကို အသိအမှတ်ပြုပြီး စီးပွားရေးလုပ်ငန်း အပေါ်အန္တရာယ်ကျရောက်မှုကို လျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ သက်ရောက်မှုကို လျှော့ချခြင်းနှင့် အကျိုးကျေးဇူးတိုးပွားအောင်ပြုခြင်း စသည်တို့ကို ပဋိပက္ခဖြစ်ပွားနိုင်ခြေကိုထည့်သွင်းစဉ်းစားသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရန် အလွန်ခက်ခဲနေသည်ကို အသိအမှတ်ပြုရမည် ဖြစ်သည်။

- မြန်မာနိုင်ငံ၏ အရှေ့တောင်ဒေသအများအပြားတွင် EAOs သည် တရားဝင်စီးပွားရေး အုပ်ချုပ်စီမံသူများဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ငန်းဖော်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာ EAO ၏ စီမံအုပ်ချုပ်ရေးဌာနများတွင် မှတ်ပုံတင်ရန်လိုအပ်သည်ကို အသိအမှတ်ပြုရမည် ဖြစ်သည်။ ထို့ကြောင့် ဒေသအဆင့်နှင့် ဌာနချုပ်အဆင့်တို့ နှစ်ခုလုံးတွင် EAOs နှင့် ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ဆက်ဆံသွားရန်လိုမည် ဖြစ်သည်။

- ကြားကာလအတွင်း ပဋိပက္ခသက်ရောက်မှုရှိသော ဒေသများတွင် အကြီးစားအခြေခံ အဆောက်အဦနှင့် သဘာဝသယံဇာတထုတ်ယူသည့် စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ခြင်းကို ရှောင်ကြဉ်ရမည် ဖြစ်သည်။ ကျိုးပျက်လွယ်သော အပစ်အခတ် ရပ်စဲရေးအခြေအနေ၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့နေခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှု ဆက်လက်ရှိနေခြင်းနှင့် အဓိကပါဝင်ဆောင်ရွက်သည့်အဖွဲ့များ၏ ယုံကြည်မှု အကန့်အသတ်ရှိနေခြင်း တို့ကြောင့် ထိုစီမံကိန်းကြီးများကို ရှောင်ရှားရမည် ဖြစ်သည်။

- ကြိုတင်အသိပေးထားသော လူထု၏ လွတ်လပ်သောသဘောဆန္ဒ (FPIC) အခြေခံမှုများအောက်တွင် ဒေသခံအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ပြီး နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း (IFC) ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံချိန်စံညွှန်းများ (Performance Standards) နှင့် အညီ ဆောင်ရွက်ရမည် ဖြစ်သည်။ ပဋိပက္ခဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားသည့် စီးပွားရေး အလေ့အထ (Conflict-sensitive businesses practice-CSBP) အခြေခံမှုကို ချမှတ်ပြီး လူ့အခွင့်အရေးလေးစားလိုက်နာမှုရှိရေးအတွက် ဂရုပြုလုပ်ဆောင်မှုများ (Human Rights Due Diligence-HRDD) ရှိစေရမည် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများအားလုံးသည် သက်ဆိုင်ရာ မြန်မာနိုင်ငံဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ရာ EAOs တို့၏ မူဝါဒတို့ကို လေးစားလိုက်နာစေရမည် ဖြစ်သည်။



**Covenant Consult Ltd.**

No. 27, Pinlon 1st Street
Shwe Pinlon Housing, 27 Ward
North Dagon Tsp. Yangon

covenant consult